

# LESSON 37　富士山(ふじさん)を見(み)たり、おすしを食(た)べたりしました

## FUJISAN O MITARI, OSUSHI O TABETARI SHIMASHITA

| | | |
|---|---|---|
| 寮母(りょうぼ)<br>အဆောင်မှူး | 旅行(りょこう)はどうだった？<br>RYOKÔ WA DÔ DATTA? | ခရီးကဘယ်လိုနေလဲ။ |
| アンナ<br>အန်းနာ | 富士山(ふじさん)を見(み)たり、おすしを食(た)べたりしました。楽(たの)しかったです。<br>FUJISAN O MITARI, OSUSHI O TABETARI SHIMASHITA.<br>TANOSHIKATTA DESU. | ဖူဂျီတောင်ကိုကြည့်တာတို့၊ ဆူရှီစားတာတို့လုပ်ခဲ့တယ်။ ပျော်ခဲ့ပါတယ်။ |
| 寮母(りょうぼ)<br>အဆောင်မှူး | それはよかったわね。<br>SORE WA YOKATTA WA NE. | အဲဒါဆိုကောင်းတာပေါ့နော်။ |



### သဒ္ဒါရှင်းလင်းချက်

### ① TA-ပုံစံကြိယာ + RI, TA-ပုံစံကြိယာ + RI SHIMASU

◈ လုပ်ဆောင်မှုအများအပြားထဲက ၂ ခု ၃ ခုကို ဥပမာအနေနဲ့ပြောမယ်ဆိုရင် TA–ပုံစံကြိယာတွေရဲ့နောက်မှာ RI ကိုထည့်ရပါတယ်။ အဲဒီနောက် ဝါကျအဆုံးမှာ SHIMASU (လုပ်တယ်၊ လုပ်မယ်) ဒါမှမဟုတ် SHIMASHITA(လုပ်ခဲ့တယ်) ဒါမှမဟုတ် SHITAI DESU (လုပ်ချင်တယ်) ကိုထည့်ရပါတယ်။

ဥပမာ - FUJISAN O MITA (ဖူဂျီတောင်ကိုကြည့်ခဲ့တယ်) OSUSHI O TABETA (ဆူရှီစားခဲ့တယ်)

FUJISAN O MITARI, OSUSHI O TABETARI SHIMASHITA.

(ဖူဂျီတောင်ကြည့်တာတို့၊ ဆူရှီစားတာတို့လုပ်ခဲ့တယ်)

### ② _ WA DÔ DATTA? ( _ဘယ်လိုလဲ )

◈ DÔ ဆိုတာ (ဘယ်လိုလဲ) ပါ။ DATTA ဆိုတာက အတိတ်ကာလပြဝါကျအဆုံးမှာထည့်တဲ့ DESHITA ရဲ့ ပေါ့ပေါ့ပါးပါးပြောတဲ့ပုံစံဖြစ်ပါတယ်။

ဥပမာ - SHIKEN WA DÔ DATTA? (စာမေးပွဲကဘယ်လိုလဲ)




### အိုနိမာတိုပဲ




သိပ်ပင်ပန်းပြီးအားအင်တွေကုန်ခမ်းနေတာကိုဖော်ပြတဲ့ အိုနိမာတိုပဲပါ။




ပင်ပန်းလွန်းပြီး လုံးဝအားအင်ကုန်ခမ်းသွားတာကို ဖော်ပြတဲ့အိုနိမာတိုပဲပါ။

Created by NHK WORLD © ver. April 2015